**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**
**ပြည်ထောင်စုဝန်ကြီးရုံး**

စာအမှတ် (သစ်တော) ၃(၂)/၁၆(ဃ)(၁၂၉၆/၂၀၁၈)
ရက်စွဲ ၂၀၁၈ ခုနှစ် ၊ ဧပြီလ ၁၉ ရက်

အကြောင်းအရာ။ **ဖွံ့ဖြိုးမြန်မာစွမ်းအား ဆောက်လုပ်ရေးနှင့် သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်မှ ဆောင်ရွက်မည့် ရွှေသတ္တုတူးဖော်ထုတ်လုပ်မည့် လုပ်ကွက်အမှတ် (၁) နှင့် အမှတ် (၂) တို့အတွက် တင်ပြလာသည့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) အစီရင်ခံစာ တင်ပြလာမှုအပေါ် အတည်ပြုပြန်ကြားခွင့်ပြုပါရန် ပြန်ကြားခြင်းကိစ္စ**

ရည်ညွှန်းချက် ။ (၁) အမှတ် (၂) သတ္တုတွင်းလုပ်ငန်း၏ ၁၇- ၁၀ -၂၀၁၈ ရက်စွဲပါစာ အမှတ်၊ ၂၂၉၂/ရွှေဖက်စပ် (ဖွံ့ဖြိုးမြန်မာစွမ်းအား-IEE)/၁၇-၁၈

(၂) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ ၁၁-၄-၂၀၁၈ ရက်စွဲပါစာ အမှတ်၊ အီးအိုင်အေ-၂/၉(၄၆၃/၂၀၁၈)

ဖွံ့ဖြိုးမြန်မာစွမ်းအားဆောက်လုပ်ရေးနှင့် သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်သည် ရှမ်းပြည်နယ်၊ ကျောက်မဲခရိုင်၊ မဘိမ်းမြို့နယ်၊ မြစ်ဆုံမြို့နယ်၊ မြစ်ဆုံကျေးရွာအုပ်စု၊ ဘဟဲဒေသ၊ ခန့်မှန်းမြေပုံအညွှန်း၊ 93 A/11 (A-280892, B-281894, C-286891, D-286889) ရှိ မြေဧရိယာ (၂၀) ဧကကျယ်ဝန်းသော လုပ်ကွက်အမှတ် (၁) နှင့် 93 A/11 (A-286981, B-290891, C-290889, D-286889) ရှိ မြေဧရိယာ (၂၀) ဧက ကျယ်ဝန်းသော လုပ်ကွက်အမှတ် (၂) တို့တွင် ရွှေသတ္တုတူးဖော်ထုတ်လုပ်မှုလုပ်ငန်း ဆောင်ရွက်ရန်အတွက် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) အစီရင်ခံစာသည် ပတ်ဝန်းကျင်ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ ပြုစုထားပါသဖြင့် အတည်ပြုပါကြောင်းနှင့် လုပ်ငန်းဆောင်ရွက်ရာတွင် အောက်ဖော်ပြပါအချက်များအား အလေးထားလိုက်နာဆောင်ရွက်ရန် လိုအပ်ပါကြောင်း ပြန်ကြားအပ်ပါသည်-

(က) အစီရင်ခံစာ အပိုဒ် (၅-၁) ပါ ဥပဒေ၊ နည်းဥပဒေနှင့်လုပ်ထုံးလုပ်နည်းများနှင့် နောက်ဆက်တွဲ (၅) ပါ ကတိကဝတ်များအတိုင်း လိုက်နာဆောင်ရွက်ရန်၊

(ခ) စီမံကိန်းလုပ်ကွက် (၂) ကွက်မှာ ကပ်လျက်ရှိသော်လည်း အမှတ် (၂) သတ္တုတွင်းလုပ်ငန်း၏ (၁၁-၇-၂၀၁၇) ရက်စွဲပါစာအမှတ်၊ ၁၅၇၅/ ရွှေဖက်စပ် (ဖွံ့ဖြိုးမြန်မာ-IEE/EMP)/ ၁၇-၁၈ ဖြင့် ပေးပို့လာသည့်စာတွင် လုပ်ကွက် (၂) ကွက်စလုံးအား တစ်ပြိုင်နက်တည်း တူးဖော်ထုတ်လုပ်မည်မဟုတ်ဘဲ တစ်ကွက်ပြီးမှ တစ်ကွက်

ဆောင်ရွက်မည်ဖြစ်ကြောင်း ဖော်ပြထားချက်နှင့်အညီ ဖော်ပြပါလုပ်ကွက်အမှတ် (၁) နှင့် အမှတ် (၂) လုပ်ကွက်တို့ကို တစ်ကွက်ပြီးမှ တစ်ကွက်ဆောင်ရွက်ရန်၊

(ဂ) စီမံကိန်းဧရိယာသို့ ဆက်သွယ်သွားလာရန် လမ်းများဖောက်လုပ်ခြင်းနှင့် ရွှေသတ္တုတူးဖော်ထုတ်လုပ်မှုလုပ်ငန်းစဉ်များကြောင့် စီမံကိန်းအနီးရှိ ရေစီးရေလာများထိခိုက်ပျက်စီးမှုမရှိစေရေး ဂရုတစိုက်ဆောင်ရွက်ရန်၊

(ဃ) အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်းကို စီမံကိန်းဆောင်ရွက်နေစဉ်အတွင်း စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်ရန်နှင့် ဆွေးနွေးမှုရလဒ်အခြေအနေများကို အများပြည်သူသိရှိနိုင်ရန် အစည်းအဝေးခန်းမ၊ သတင်းစာ၊ ကြော်ငြာဘုတ်များဖြင့် အသိပေးကြေညာရန်၊

(င) အစီရင်ခံစာ၏ ဇယား (၇-၁) ပါ နဂါးပွက်အင်းနှင့်ရွှေလီမြစ်တို့ ဆက်စပ်တည်ရှိနေသဖြင့် အင်းအတွင်းရှိ ရေသတ္တဝါများနှင့် ရေပျော်ငှက်တို့အပေါ် စွန့်ပစ်ရေနှင့်မြေတို့ကြောင့် ထိခိုက်နိုင်မှုမရှိစေရန် လျှော့ချမည့်အစီအစဉ်အတိုင်း လိုက်နာဆောင်ရွက်ရန်၊

(စ) စီမံကိန်းမှ ထွက်ရှိသည့် ဆူညံသံ၊ တုန်ခါမှု၊ စွန့်ပစ်ပစ္စည်း၊ စွန့်ပစ်ရေများ အနံ့နှင့် ဖုန်မှုန့်များကြောင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်အပေါ် ထိခိုက်နိုင်မှုများနှင့် လျှော့ချရေးဆောင်ရွက်မည့် အစီအစဉ်တို့ကို အစီရင်ခံစာ၏ ဇယား (၉-၁) ပါ အချက်များအတိုင်း လိုက်နာဆောင်ရွက်ရန်၊

(ဆ) စီမံကိန်းဆောင်ရွက်မှုကြောင့် ထွက်ရှိလာမည့် စွန့်ပစ်ရေများတွင် ဓာတုပစ္စည်းများ ပါဝင်မှုရှိ /မရှိ စစ်ဆေးရန်နှင့် စွန့်ပစ်ရေများကို အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့်အညီ သန့်စင်စွန့်ထုတ်ရန်၊

(ဇ) စီမံကိန်းလုပ်ငန်းဆောင်ရွက်စဉ်ကာလအတွင်း ဒေသခံပြည်သူနှင့် ဝန်ထမ်းများ၏ လူမှုစီးပွားရေး ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေး အစီအစဉ်များကို အလေးပေးဆောင်ရွက်ရန်၊

(ဈ) လုပ်ငန်းဆောင်ရွက်သည့် ဝန်ထမ်းများအား ကျန်းမာရေးထိခိုက်မှု မရှိစေရေးအတွက် ကျန်းမာရေးစစ်ဆေးသည့် အချက်အလက်များကို စောင့်ကြပ်ကြည့်ရှုခြင်း အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြရန်၊

(ည) စီမံကိန်းကြောင့် ပျက်စီးသွားသည့် နေရာများတွင် ဒေသနှင့်ကိုက်ညီသည့် သစ်ပင်များ ပြန်လည်စိုက်ပျိုးရန်နှင့် ရှင်သန်ကြီးထွားသည်အထိ တာဝန်ယူကြီးကြပ်ဆောင်ရွက်ရန်၊

(ဌ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ အချက်အလက်များအတိုင်း မိုင်းပိတ်သိမ်းခြင်း လုပ်ငန်းများတွင် အဆောက်အဦအဟောင်းများကို ပြန်လည်ရွှေ့ပြောင်းပြီး အမှိုက်သရိုက်များကို မီးရှို့ဖျက်စီးရန်၊ သတ္တုတွင်းပိတ်သိမ်းပြီးချိန်တွင် စီမံကိန်းအတွင်းရှိ ပတ်ဝန်းကျင်ရေအရည်အသွေး၊ မြေအရည်အသွေးတို့ကို လက်ရှိပတ်ဝန်းကျင်အခြေအနေထက် ပိုမိုဆိုးရွားမှုမရှိစေရေး တာဝန်ယူဆောင်ရွက်ရန်၊

(ဍ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက် အသုံးပြုရန်ဖော်ပြထားသည့် လက်ရှိရန်ပုံငွေပမာဏ ကျပ် သိန်း (၃၀၀) နှင့် လုံလောက်မှုမရှိပါက ထပ်မံဖြည့်သွင်းဆောင်ရွက်ရန်နှင့် မိုင်းပိတ်သိမ်းမည့် အစီအစဉ်အတွက် အသုံးပြုမည့် ရန်ပုံငွေကို သီးခြားထားရှိဆောင်ရွက်ရန်၊

(ဎ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ အပိုဒ် (၁၀-၅) ပါစောင့်ကြပ်ကြည့်ရှုခြင်းဆောင်ရွက် မည့်အစီအစဉ်များအတိုင်း လိုက်နာဆောင်ရွက်သွားရန်နှင့် စောင့်ကြပ်ကြည့်ရှုခြင်း အစီရင်ခံစာအား သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ (၆) လတစ်ကြိမ် တင်ပြရန်၊

၁၉/၄/၂၀၁၇

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)
(ဝင်းဇော်၊ဒုတိယအမြဲတမ်းအတွင်းဝန်)

အမြဲတမ်းအတွင်းဝန် (သတ္တုရေးရာ)
<u>သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန(ရုံးအမှတ်-၁၉)</u>
မိတ္တူကို

ညွှန်ကြားရေးမှူးချုပ်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန